**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/ ၇၁၀

ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ ဖေဖော်ဝါရီလ ၈ ရက်

အကြောင်းအရာ။ **လိုင်စင်ရကုမ္ပဏီများ၏ အချက်အလက်များပြောင်းလဲခြင်းကိစ္စ**

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ လိုင်စင်ရယူထားသော ကုမ္ပဏီများ Operator များ အနေဖြင့် လိုင်စင်တွင် ဖော်ပြထားသည့် Registered Address အား ပြင်ဆင်ပြောင်းလဲခြင်းသည် လိုင်စင်ပါအချက်များအား ပြင်ဆင်ပြောင်းလဲခြင်းဖြစ်သည့်အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေ ၂၁ (က) (၁) အရ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြအတည်ပြုချက် ရယူ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့ရာတွင် လိုင်စင်ရယူထားသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီ လိပ်စာပြောင်း လျှောက်ထားမှုများအား ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဦးစွာတင်ပြ အတည်ပြုချက်ရယူခြင်းမရှိဘဲ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထား၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှ ခွင့်ပြုချက်ရရှိမှသာ ဆက်သွယ်ရေးညွှန်ကြား မှုဦးစီးဌာနသို့ ပြန်လည်လျှောက်ထားနေကြသည်ကို စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ရယူထား သောကုမ္ပဏီများအနေဖြင့် ကုမ္ပဏီလိပ်စာပြောင်းလဲခြင်း ၊ Board of Director များ ပြောင်းလဲခြင်း ၊ ရင်းနှီးမြှုပ်နှံသူပြောင်းလဲခြင်း ၊ လိုင်စင်ပါအချက်အလက်များအား ပြောင်းလဲလိုခြင်း အစရှိသည့် မည်သည့် ပြောင်းလဲမှုမျိုးကိုမဆို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဦးစွာတင်ပြအတည်ပြုချက် ရယူသွားရမည်ဖြစ်ကြောင်းနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြခြင်းမရှိဘဲ အထက်ဖော် ပြပါအချက်အလက်များအား ပြောင်းလဲထားသည်ကို တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၅၇ အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြိုတင်အသိပေး အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

( စိုးနိုင်၊ ညွှန်ကြားရေးမှူး)

**လိုင်စင်ရကုမ္ပဏီများအားလုံး**

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ် ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
- ရုံးလက်ခံ / မျှော

Licence New 1